ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၂၅ / ၂၀၂၁
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏(၁၂-၁၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/လက/Spaceflight (၁၁/၁၂၁)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်း လေယာဉ်မှူးသတိပေးလွှာထုတ်ပြန်ရေးရုံးမှ ၈-၁၁-၂၀၂၁ ရက်နေ့တွင် Spaceflight လှုပ်ရှားမှု ကိစ္စနှင့်ပတ်သက်၍ သတိပေးချက်(ကြေးနန်းစာ)ကို လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနသို့ ပေးပို့အကြောင်းကြားလာသောစာအရ အာကာသယာဉ်၏ လှုပ်ရှားမှု (Spaceflight Activities) သည် (၆-၁၂-၂၀၂၁) ရက်နေ့မှ (၁၂-၁၂-၂၀၂၁) ရက်နေ့အထိ နေ့စဉ်နံနက် (၀၅:၃၀) နာရီအချိန်မှ (၀၈:၃၀)နာရီအချိန်အတွင်း ဖြစ်နိုင်ခြေရှိကြောင်း၊ မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ သက်ရောက်နိုင်မည့်ဧရိယာကို အောက်ဖော်ပြပါ အတိုင်း သတိပေးအကြောင်းကြားလာပါသည်။

| Point | Latitude | Longitude |
|---|---|---|
| A | 17° 05′ 02″ N | 093° 45 ′ 29″ E |
| B | 17° 12′ 07″ N | 093° 12 ′ 25″ E |
| C | 18° 23′ 31″ N | 093° 28 ′ 59″ E |
| D | 18° 16′ 26″ N | 094° 02 ′ 13″ E |

၂။ အဆိုပါ သက်ရောက်မည့်ဧရိယာမှာ သံတွဲလေဆိပ်၏အနောက်တောင်ဘက် ရေမိုင်(၁၈) မိုင်ခန့်၊ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၂၈) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်ဘက် ရေမိုင် (၆၁) မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နိုင် သောဧရိယာမြေပုံအား **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၆-၁၂-၂၀၂၁) ရက်နေ့မှ (၁၂-၁၂-၂၀၂၁) ရက်နေ့အထိ နေ့စဉ်နံနက် (၀၅:၃၀) နာရီအချိန်မှ (၀၈:၃၀) နာရီအချိန်အတွင်း အထက်ဖော်ပြပါတည်နေရာများအတွင်း၌ Spaceflight Activities အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် ရေယာဉ်ကြီး/ငယ် များ၊

ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့်စက်တပ်သမ္ဗန်များ ၎င်းရေယာဉ်အတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေးအတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

## From 2300 UTC to 0200 UTC (from 6 to 12 December 2021)

